# ဈေး၊ လမ်း၊ အဆောက်အဦအတွင်းနှင့် လူပေါ်သို့ ပိုးသတ်သန့်စင်ဆေးဖျန်းခြင်းက COVID-19 ရောဂါကာကွယ်ရာတွင် အကျိုးရှိပါသလား?

**(၂၀၂၀) ပြည့်နှစ်၊ ဇူလိုင်လ (၉) ရက်နေ့**

- ဒီနေရာတွေမှာ ပိုးသတ်သန့်စင်ဆေးရည်ကိုဆေးဖျန်းခြင်း (သို့မဟုတ်) အငွေ့ပုံစံဖြင့် မှုတ်ခြင်းဖြင့် ကိုရိုနာဗိုင်းရပ်စ်ပိုးအား ထိရောက်စွာပိုးသတ်သန့်စင်စေနိုင်သည်ဟူသော တိကျခိုင်မာသည့်သက် သေအထောက်အထားများ မတွေ့ရှိရပါ။
- ထို့အပြင် ထိုသို့ပြုလုပ်ခြင်းသည် လူအများကျန်းမာရေးအတွက် အန္တရာယ်ပင် ဖြစ်စေနိုင်ပါတယ်။
- ပိုးသတ်သန့်စင်ဆေးရည် (သို့မဟုတ်) အခြားဓာတုဆေးရည် အပျော့စားများကို လူ့ခန္ဓာကိုယ်ပေါ်သို့ပက်ဖျန်းခြင်းဖြင့် ပိုးသတ်သန့်စင်ရန် လုံးဝမသင့်ပါ။
- (၂၀၂၀) ပြည့်နှစ်၊ ဇွန်လ (၂) ရက်နေ့တွင်ဖော်ပြခဲ့သည့် ဈေး၊ လမ်း၊ အဆောက်အဦ အတွင်းနှင့် လူပေါ်သို့ ပိုးသတ်သန့်စင်ဆေးဖျန်းခြင်းနှင့် ပတ်သက်သည့် "ဒီနေ့အတွက် သိကောင်းစရာ (၁၂)" နှင့် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် ပိုးသတ်သန့်စင်ခြင်းဆိုင်ရာ သိကောင်းစရာ (Version 2.0) တို့ကိုလည်း ထပ်မံဖော်ပြ အပ်ပါသည်။

**လူအများအသုံးပြုသော စကြ်ံလျှောက်လမ်း၊ ကွန်ကရီမခင်းထားသောလမ်း၊ လေ့ကားများတွင် ပိုးသတ်ဆေးဖျန်းခြင်းသည် ထိရောက်မှုမရှိသည့် အပြင်သတ္တုပစ္စည်း များကို စားလောင်စေခြင်း၊ ရေနေသတ္တဝါများကို ပျက်စီးစေခြင်းတို့ဖြစ်စေ၍ လူအများ ကျန်းမာရေးအတွက် အန္တရာယ်ပင်ဖြစ်စေနိုင်ပါတယ်။**

ရည်ညွှန်း (၁) WHO. Cleaning and disinfection of environmental surfaces in the context of COVID-19, Interim guidance, 15 May 2020.